# National Coalition Government of the Union of Burma

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

## (၅၇) ကြိမ်မြောက် ကရင်အမျိုးသားတော်လှန်ရေးနေ့သို့ပေးပို့သည့် သဝဏ်လွှာ

ခရစ်နှစ် ၂၀၀၆ ခု၊ ဇန်နဝါရီလ (၃၁) ရက်နေ့သည် သမိုင်းဂုဏ်ရောင်ပြောင်သော (၅၇) နှစ်မြောက် ကရင်အမျိုးသားတော်လှန်ရေး နေ့ဖြစ်ပေသည်။ ဦးစွာအားဖြင့် ဤသမိုင်းဝင်နေ့အခါသမယ၌ ကရင်အမျိုးသားတော်လှန်ရေး သမိုင်းခရီးတလျှောက် ဘဝနှင့်အသက်များ စွန့်လွှတ်ပေးဆပ်ကာ တော်လှန်တိုက်ပွဲဝင်ခဲ့ကြကုန်သော ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီးနှင့်တကွ ကရင်တော်လှန်ရေး အာဇာ နည်အပေါင်းတို့အား အထူးမှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ထို့ပြင် ကရင်အမျိုးသားအစည်းအရုံး **(KNU)** တော်လှန်ရေးခေါင်းဆောင် ကြီးများ၊ စစ်ရေး နိုင်ငံရေး တာဝန်အသီးသီးကို ထမ်းဆောင်လျက်ရှိကြသော ခေါင်းဆောင်များနှင့် တပ်မှူးတပ်သားများအားလည်း ကျန်းမာ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် တော်လှန်ရေးတာဝန်များကို စွမ်းစွမ်းတမန် ဆက်လက်ထမ်းရွက်နိုင်ကြပါစေကြောင်း ဤသမိုင်းဝင် နေ့အခါသမယတွင် အထူးဆန္ဒပြုအပ်ပါသည်။

နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေး အဖြေရှာရမည့်အစား၊ အာဏာလက်ကိုင်ထားသူ များ၏ အကြမ်းဖက်ဗိုလ်ကျ တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် အမျိုးသားတော်လှန်ရေးများ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပေရာ၊ ကရင့် အမျိုးသား တော်လှန်ရေးမှာလည်း တခုအပါအဝင်ဖြစ်ပေသည်။ အထူးသဖြင့် စစ်အာဏာရှင်များ၏ မဟာလူမျိုးကြီးဝါဒကျင့်သုံးမှု၊ တိုင်းရင်းသားတို့အား အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးရန် အစဉ်တစိုက်ငြင်းဆန်နေမှု၊ နှုတ်မှငြိမ်းချမ်းရေးဟု အော်ဟစ်နေသော်လည်း လက်တွေ့တွင် စစ်အင်အားသုံး ဗိုလ်ကျနေမှု၊ လတ်တလော အခြေအနေတွင်လည်း Gentleman Agreement ဟုဆိုကာ အပစ်ရပ်ရေးယာယီသဘော တူမှုကို စစ်အုပ်စုက အရှက်မဲ့စွာချိုးဖေါက် ထိုးစစ်ဆင်နေမှု စသည်တို့ကြောင့် ကရင်အမျိုးသားတော်လှန်ရေးကြီးသည် ၁၉၄၉ ခုနှစ်မှ ယနေ့တိုင် (၅၇) နှစ်မျှရှည်ကြာခဲ့ရခြင်း ဖြစ်ပေသည်။

နဝတ၊ နအဖ ဖက်ဆစ်စစ်အာဏာရှင်တို့လက်ထက်တွင် ပြည်ထောင်စုမပြိုကွဲရေး တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး ဟု အသံ ကောင်းဟစ် ကြွေးကြော်နေသော်လည်း၊ လက်တွေ့တွင် တိုင်းရင်းသားလူမျိုးများအပေါ် ဖိနှိပ်ရေးစစ်ပွဲဆင်နွှဲနေပေသည်။ ယင်းသို့ ဖိနှိပ်ရေးစစ်ပွဲ ဆင်နွှဲနေခြင်းအား ကရင်အမျိုးသားအစည်းအရုံးကြီးက အသက်ပေါင်းမြောက်မြားစွာ စတေးပေးဆပ်၍ အလံမလှဲစတမ်း တော်လှန်တိုက်ပွဲဝင် နေခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက ဤ (၅၇) နှစ်မြောက် ကရင့်အမျိုးသား တော်လှန်ရေးနေ့ အခါသမယ တွင် အလေးအနက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ကရင်တိုင်းရင်းသားများသည် မိမိတို့ဘိုးစဉ်ဘောင်ဆက် ရပ်တည်ခဲ့သော လူမျိုးအစဉ်အဆက်ကို မပျောက်မပျက် ဆက်လက် ထိမ်းသိမ်းလိုကြသည်။ မိမိတို့ဓလေ့၊ ထုံးတမ်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ၊ ဘာသာစကား၊ စရိုက်လက္ခဏာများကို အလွန်တန်ဘိုး ထား ထိမ်းသိမ်းမြှင့်တင်လိုကြသည်။ မိမိတို့အစဉ်အဆက် နေထိုင်ခဲ့ရာနယ်မြေဒေသကို ချစ်ခင်မြတ်နိုးကြသည်။ တရားမျှတရေး၊ တန်းတူရေးနှင့် လွတ်လပ်ရေးတို့ကို မြတ်နိုးသည့်အလျှောက် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကိုလိုလားကြသည်။ ယင်း ကရင်အမျိုးသားတို့ လိုလားချက်များကို အသိအမှတ်ပြု၍ တရားမျှတမှုရှိစွာ အလေးထားဖြည့်ဆည်းပေးရန် လိုအပ်သည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်းအစိုးရက ယုံကြည်လက်ခံထားပေသည်။

(၅၇) နှစ်တာ တော်လှန်ရေးခရီးစဉ်တလျှောက် လက်နက်ချအညံ့ခံခြင်း အလျှော့မပြုရေးမူကို အခိုင်အမာစွဲကိုင်လျက် တော်လှန်ရေး မုန်တိုင်းကြီးငယ်များနှင့် ကြိမ်ဖန်များစွာရင်ဆိုင်ခဲ့ရသော်လည်း စစ်အာဏာရှင်တို့အား ဒူးထောက်အညံ့ခံမှုလုံးဝမပြုဘဲ ဆက်လက်တိုက်ပွဲ ဝင်လျက်ရှိကြကုန်သော ကရင်အမျိုးသားခေါင်းဆောင်ကြီးများ၏ နိုင်ငံရေးရပ်တည်ချက်ခိုင်မာမှုနှင့် တပ်မှူးတပ်သား အပေါင်း၏ အနိုင်မခံ အရှုံး မပေး စွန့်လွှတ်စွန့်စားမှုများသည် စံနမူနာယူလောက်သည့်အလျှောက် အထူးသမိုင်းမော်ကွန်း တင်အပ်ပါ သည်။ ကရင်အမျိုးသားအစည်းအရုံးကြီး၏ ဤသို့ထူးခြားဂုဏ်ပြောင်သောဂုဏ်ရည်များကြောင့် ကရင်တိုင်းရင်းသားအပေါင်းတို့ မျှော်မှန်းထားသော ဒီမိုကရေစီရေး၊ လူ့အခွင့် အရေးဆိုင်ရာ နိုင်ငံရေးရည်မှန်းချက်များ မသွေမုချအောင်မြင်မှုရရှိမည်ဟုလည်း ယုံကြည် ပါသည်။

ထို့ပြင် နအဖအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင်၊ ခွန်ထွန်းဦး၊ ဗိုလ်ချုပ်ဆေထင် အပါအဝင် နိုင်ငံရေးအကျဉ်း သားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရန်၊ တပြည်လုံးအပစ်အခတ်ရပ်စဲရေးကြေညာပြီး တိုင်းရင်းသားလူမျိုးများအား ထိုးစစ်ဆင်နေမှုများ အားလုံးကို အမြန်ရပ်ဆိုင်း၍ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန်၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုအား ဖိနှိပ် ချုပ်ချယ်သည့်အမိန့်ဥပဒေများကို ရုပ်သိမ်းပေးရန်၊ နအဖအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ဆုံးဖြတ်ချက်အတိုင်း NLD နှင့် တွေ့ဆုံ ဆွေးနွေးရန် တဆက်တည်းတွင် သုံးပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးပွဲကို အမြန်စတင်ဆောင်ရွက်ရန်၊ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေး မှူးချုပ် အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကို ခိုင်မာစွာဆုပ်ကိုင်၍ မြန်မာပြည်အတွင်း စစ်မှန်သည့်တွေ့ဆုံဆွေးနွေးပွဲ ပေါ်ပေါက် လာရေး ကြိုးပမ်းရန် အစရှိသော ကရင်အမျိုးသားအစည်း အရုံး (KNU) က အစဉ်တစိုက်ထားရှိခဲ့သော နိုင်ငံရေးသဘောထားများမှာလည်း အချိန်အခါ အခြေအနေနှင့် ဆီလျော်ညီညွတ်ဆဲရှိသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက ကြိုဆိုထောက်ခံ အပ်ပေသည်။

အရင်းခံအားဖြင့် ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေး အဖြေရှာရေးနည်းလမ်းဖြင့်သာ လက်ရှိနိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည် ဟူ သော ကရင်အမျိုးသားအစည်းအရုံးကြီး၏ သဘောထားအမြင်ကို ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရကလည်း ယုံကြည် သည့်အလျောက် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများနှင့်အတူ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေး၊ အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေး တည်းဟူသော နိုင်ငံရေးရည် မှန်းချက်များအောင်မြင်သည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ၅၅ (၅၇)နှစ် မြောက် ကရင့်အမျိုးသားတော်လှန်ရေးနေ့ အခါသမယ၌ လေးနက်စွာသန္နိဋ္ဌာန်ပြုလျက် ဤသဝဏ်လွှာကို ဂုဏ်ယူစွာပေးပို့အပ်ပါ သည်။

ခရစ် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့။
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ